


ဘာသာပြန် စာရေးဆရာ - S.M

# ကျင့်ကြံခြင်းကမ္ဘာမှ အင်တာနက်ကဖေးဝနစ်

(ဖန့်ချိ)

(Chapter 46 - 59)

စာစဉ် - ၄

## အပိုင်း(46)

"ငါက အရှုံးတရားကို လက်ခံရမယ် ... ဟုတ်လား ... "

ဖန့်ချီက သူ့ကိုကြည့်ကာ အေးဆေးစွာ ပြောလိုက်သည်။

"တကယ်လို့ ... ငါက မလုပ်ဘူးဆိုရင်ရော ... "

"တကယ်လို့ မင်းက မလုပ်ဘူး ဆိုရင်တော့လား ... "

ကုန်းဟဲက အထင်တသေးဖြင့် သူက တံခါးဘက်ကို လက်ဝှေ့ယမ်း ပြလိုက်သည်။

မြို့စောင့်တပ်သားများ အဖွဲ့တစ်ခုက ချက်ချင်းပင် ဇွတ်ဝင်လာသည်။

ကုန်းဟဲက နလန်ယင်ကို တစ်ချက်မျှ ကြည့်လိုက်သည်။ နောက်တော့ သူက ခေါင်းတညိတ်ညိတ် အမူအရာကို မြင်၍ သူက ဆက်ပြောလိုက်သည်။

"တကယ်လို့ ... မင်းသာ "ကွန်ပျူတာ"လို့ခေါ်တဲ့ ပစ္စည်းကို ရောင်းဖို့ သဘောမတူဘူး ဆိုရင်တော့ ... ငါက မင်းရဲ့ဆိုင်ကို ပိတ်ချပစ်ရလိမ့်မယ် ... "

"ကုန်းဟဲ ... "

ထိုအချိန်တွင် ... ပထမတန်းမှ ဒုတိယ ကွန်ပျူတာ ရှိရာမှ လူတစ်ယောက်က ထရပ်လိုက်သည်။ သူ၏ အမူအရာက အေးစက်စက်နိုင်ပြီး မာနကြီးဟန် ပေါ်နေပြီး သူက ငွေရောင် ဆံထိုးလေးကို ဝတ်ဆင်ထားသည်။

"ဘယ်လိုကောင်ကများ ... ငါ့ရဲ့နာမည်ကို တိုက်ရိုက်ခေါ်ရဲတာလဲ... "

ကုန်းဟဲက လှည့်ကြည့်လိုက်ရာ အန်းချန်၏ ရေခဲသဖွယ် အေးစက်နေတဲ့ မျက်နှာကို မြင်လိုက်ရသည်။

"မင်းကိုယ်မင်း ... ဘာလုပ်နေတယ်လို့ ထင်နေတာလဲ ... "

အန်းချန်က ဒေါသတကြီး မေးလိုက်သည်။

"သ ... သ ... သခင်လေးအန်း လား ... "

ကုန်းဟဲ တစ်ယောက် သူမြင်လိုက်တဲ့ လူကိုကြည့်ရင်း တုန်လှုပ်နေမိသည်။

"ဒီဆိုင်က အလွန်ကို ချောင်ကျတယ်လေ ...၊ ဒါက ပြီးတော့ ... သာမန်လူတွေ လမ်းကြားထဲမှာလေ ... "

ကုန်းဟဲက သူ၏အထက်မှ ဒီဂုဏ်သရေရှိ သက်လတ်ပိုင်း လူကြီးနဲ့ တစ်ခုခုဝယ်ရန် လိုက်ပေးဖို့ကို အမိန့်ပေးခံရသည်။

"ဒါပေမဲ့ ... သခင်လေးက ဒီနေရာမှာ ဘာကြောင့် ရှိနေတာလဲ ... "

ကုန်းဟဲ၏ ဦးနှောက်ကား စက္ကန့်အနည်းငယ် လုပ်ဆောင်မှုများ ရပ်တန့်သွားခဲ့သည်။

"ဘာ ... ဘာကြောင့် ဒီနေရာကို ရောက်နေတာလဲ ... ... သ ... သခင်လေးအန်း ... "

"ဟမ် ... ငါ့ကပဲ မင်းကို အစီအရင်ခံစရာ လိုသေးတာလား ... တစ်ဖန်ပြန်ပြောလိုက်စမ်း..."

အန်းချန်က အော်ငေါက်လိုက်သည်။

"ထွက်သွားစမ်း ... "

"ထွက်သွားရမယ်လား ... "

ကုန်းဟဲ တစ်ယောက် နလန်ယင်နဲ့ အန်းချန်ကို ကြည့်ရင်း ချွေးများပင် ပြန်လာခဲ့သည်။ တစ်ယောက်ကား သူ၏ ခေါင်းဆောင်၏ သားဖြစ်ကာ၊ အခြားတစ်ယောက်က အင်အားစုကြီးက လာ၍ သူ၏ ခေါင်းဆောင်ပင် မပြစ်မှားဝံ့ချေ။

"ငါ ... ဘာလုပ်ရမလဲ ... "

"လက်ထောက်တပ်မှူးကုန်း ... မင်းရဲ့ သခင်လေးအန်းက မင်းကို ထွက်သွားခိုင်း နေတယ်မလား ... ထွက်သွားသင့်တယ် ... "

နလန်ယင်က ပြုံးလိုက်သည်။

အခြားတစ်ဖက်မှနေ၍ အန်းချန်က နလန်ယင်ကို ကြည့်လိုက်ပြီး လေသံကို လျှော့ချကာ မေးလိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ ...၊ ဘာကြောင့် ခင်ဗျားက ခွင့်ပြုချက်မရှိဘဲ မြို့စောင့်တပ်သားတွေကို ဆင့်ခေါ်ရတာလဲ ... "

ဂျူပွားမြို့ကို ကာကွယ်ရန် မြို့စောင့်တပ်သားများသည် အလွန်အရေးပါပေသည်။ သာမန်လူတွေက သူတို့ကို ရွှေ့ခိုင်းပိုင်ခွင့် မရှိချေ။

နလန်ယင်က ရယ်မောလိုက်ပြီး သားရေ လက်အိတ်ဆီကို ညာလက်ကို ရွှေ့လိုက်သည်။

"သခင်လေး အန်း ... မင်းက ငါ ဘယ်သူလဲဆိုတာ မသိသေးလို့ပါ ... "

"ဒီဆိုင်က ကြည့်ရသလောက် မရိုးရှင်းဘူးပဲ ... "

နလန်မင်ရွယ်က တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

သူ၏ လက်အိတ်ကို ဖယ်ရှားခြင်းက လျှို့ဝှက်သင်္ကေတစနစ် ဖြစ်ပုံရပေသည်။ မြို့စောင့်တပ်သားများက ချက်ချင်းပင် ပြန်ဆုတ်ခွာသွားပြီးနောက် ဖန့်ချီ၏ဆိုင်မှ တံခါးများက ရုတ်တရက် ကျယ်ကျယ်ပွင့်လာသည်။

လေပြည်အေး တစ်ချက်က အင်တာနက် ကဖေးဆိုင်၏ အတွင်းဘက်ကို စိတ်မချမ်းသာ ဖြစ်စေကာ ဆိုင်အတွင်းရှိ အပူချိန်က ရုတ်တရက် ထိုးကျလာသည်။

အရိပ်နက်များက ဆိုင်ဆီကို တစ်ခုပြီးတစ်ခုပစ်လွှင့်လာနေပြီး အင်တာနက်ကဖေးဆိုင် တစ်ခုလုံး အေးစက်မှုများနှင့် သတ်ဖြတ်မှု အော်ရာများ ပျံ့နှံ့လာခဲ့သည်။

ကစားသမားများ အကုန်လုံးက ဂိမ်းမှ ထွက်လိုက်ကြပြီးတော့ ဘာတွေဖြစ်နေတာလဲ ဆိုတာကို လှမ်းကြည့်လိုက်ကြသည်။

ထို့နောက် ... သူတို့မြင်လိုက်ရသည်က အနက်ရောင် ချပ်ဝတ်များကို ဝတ်ဆင်ထားပြီး ဆိုင်တံခါးနားမှာ ရပ်နေသည့် အစောင့် နှစ်တန်းကို မြင်လိုက်ရသည်။

ထိုလူတွေ အကုန်လုံးက အနက်ရောင် သရဲမျက်နှာဖုံးတွေ ဝတ်ဆင်ထားပြီးတော့ ကြီးမားသည့် ဒူးလေးကြီးများကို ကိုင်ဆောင်ထားကြသည်။ ပထမဆုံးအတန်းမှ အစောင့်များက ထိုင်လိုက်ကြသော်လည်း ဒုတိယအတန်းကမူ ရပ်နေဆဲပင် ... သူတို့၏ ဒူးလေးများထံမှာ ကြံ့ခိုင်မှုနှင့် အန္တရာယ်များသည့် အရှိန်အဝါများ ထုတ်လွှတ်နေပြီး သုံးမြှောင့် မြားထိပ်ခေါင်းများက အလွန်ပြောင်ခြောက်နိုင်စွမ်း ရှိပေသည်။

ထိုအစောင့်များက သူတို့၏ ဒူးလေးတွေနဲ့ ဆိုင်ကို ချိန်ထားလိုက်သည်။ အန်းချန် ရုတ်တရက် ရေခဲတမျှ အအေးဓာတ်က သူ၏ ကျောရိုးကို ပစ်လွှင့်ခံလိုက်ရသလို ခေါင်းဆီကို တောက်လျှောက် တက်သွားသည်။

"အဲဒါတွေက ... "

အန်းချန် ... ရုတ်တရက် ထိုကြီးမားသည့် ဒူးလေးကြီးများနဲ့ ပတ်သက်ပြီး

မှတ်တမ်းများကို ဖတ်မဖူးသည်ကို မှတ်မိသွားပြီးနောက် စိတ်လှုပ်ရှားသွားသည်။

"အင်မော်တယ် သတ်ဖြတ်ခြင်း ဒူးလေးတွေလား ... "

ထိုအရာများကို ဒါဂျင်၏ တည်ထောင်ခြင်း စစ်ပွဲကာလအတွင်း သာလွန်သည့် လက်နက်များ ဖြစ်သည်။ ထိုအရာကား အရင်ကတည်းက ကြောက်စရာ အကောင်းဆုံး လက်နက်များထဲမှ တစ်ခုဖြစ်သည်။

ကြားရသည်ကတော့ ... ထိုဒူးလေးများ၏ ကြိုးများကို နှစ်တစ်ထောင်သက်တမ်းရှိ နဂါးသွေးကြောများဖြင့် လုပ်ထားပြီး မြားခေါင်းများကို အလွန်ချွန်ထက်သည့် သားရဲမိစ္ဆာ၏ သွားများဖြင့် လုပ်ထားပေသည်။ ထိုဒူးလေးများ၏ အသွင်အပြင်ကို ဒါဂျင်၏ ထိပ်ဆုံး လက်နက် ပန်းပဲဆရာ လုဖူဧ ကိုယ်တိုင် လုပ်ထားခြင်း ဖြစ်သည်။ ထိုလက်နက်များ၏ ရှေ့တွင် ကျင့်ကြံသူတွေသုံးသည့်အကာအကွယ် စိတ်ဝိညာဉ် အဆောင်ပစ္စည်းများမှာ စက္ကူတစ်ခုလို အားနည်းသွားပေသည်။

တည်ထောင်သူ အင်ပါယာက ရန်သူများနဲ့ တိုက်ခိုက်စဉ်က သူ့ကို ကျင့်ကြံသူ တစ်သောင်းလောက်က ဝိုင်းရံခြင်း ခံရပေသည်။ သူ၏ လက်ရွေးစင်အစောင့်များက ထိုလက်နက်များကို သုံးကာ သူတို့၏ ရန်သူများကို မထင်မှတ်စွာ တိုက်ခိုက်ခဲ့ပြီး အဆင့်မြင့် ကျင့်ကြံသူများ တစ်ဝက်လောက်ကို သတ်ဖြတ်ကာ ဝိုင်းရံခြင်း ခံရာကနေ လွတ်မြောက်လာခဲ့သည်။

ထိုတိုက်ပွဲက ဒါဂျင်၏ စွမ်းအားကြီးများကို အင်အားနည်းနည်းဖြင့် ဆန့်ကျင်သည့် အကောင်းဆုံး ဂန္ထဝင်စံပြ ဖြစ်လာခဲ့သည်။

"အင်မော်တယ် သတ်ဖြတ်ခြင်းဒူးလေး"မြားတွေက တစ်ချိန်တည်းတွင် ဒီလိုနေရာမှာဘယ်လိုလုပ် ပေါ်လာခဲ့ရတာလဲ ... ...

အန်းချန်၏ ခေါင်းပင် ဗလာဖြစ်သွားခဲ့သည်။

ဒီဒူးလေးမြားတွေက အရင်ကလောက် အစွမ်းမထက်သည်ကို သူသိသော်လည်း ကြောက်စရာ ကောင်းနေဆဲပင်။ အန်းချန်နှင့် အခြားကျင့်ကြံသူများ အားလုံးပင် ကြောက်နေကြရသေးသည်။

အင်ပါယာ၏ အရှေ့တောင် နယ်ဘက်ကြီး တစ်လျှောက်ရှိ စစ်သည်တော်မျှော်စင်များပင် ဒီလိုလက်နက်မျိုး ပိုင်ဆိုင်ရမည် မဟုတ်ချေ။ ထိုဒူးလေးများကို တပ်ဆင်နိုင်သည့် စွမ်းအားကြီးသည့် အင်အားစုကား တစ်ခုသာရှိသည်။

"ခင် ... ခင်ဗျားက ... "

အခုတော့ ... ...အန်းချန်မှာ ဒီလူက ဘယ်မိသားစုကလဲ ဆိုတာကို တွေးမိသွားချေပြီ။ အကယ်၍ သူမှတ်မိတာသာ မမှားလျှင် ထိုလက်ရွေးစင် အစောင့်တပ်သားများ၏ ခေါင်းဆောင်ကား နလန်မိသားစုမှလာခြင်း ဖြစ်နိုင်ပေသည်။

"ကျွန်တော့် နာမည်က နလန်ယင် ပါ ... "

နလန်ယင်ကား အေးဆေးစွာပင် ဖြေပေးလိုက်သည်။

အန်းချန်၏ ခန္ဓာကိုယ်မှာ အေးခဲသွားပြီး ကုန်းဟဲကိုဆိုင်ထဲမှ ကစ်ထုတ်လိုက်သည်ကိုပင် နောင်တရလာမိသည်။

ကမ္ဘာပေါ်က ဒီလိုဆိုင်ငယ်လေး တစ်ခုက စွမ်းအားကြီးမားတဲ့ နလန်မိသားစုကို ဘာကြောင့် ပြစ်မှားဝံ့တာလဲ ... တည်ထောင်ခြင်းစစ်ပွဲ အတွင်းတွင် နလန်ယင်က ဘိုးဘေးအဆင့် (၈) စစ်သည်တော် ဖြစ်ပြီး လက်ရွေးစင်အစောင့်တပ်သားများ၏ အစိတ်အပိုင်း ဖြစ်ပေသည်။

"အခုချိန်တွင်တော့ သူဘယ်လောက်တောင် စွမ်းအားကြီးနေပြီလဲ ... "

သူဒီနေရာတွင် ရောက်နေသဖြင့် သူ၏ နောက်ကွယ်က ဘယ်သူရှိလဲဆို တာက ရှင်းလင်းလှပေသည်ဟု အန်းချန်က တွေးလိုက်သည်။

အန်းချန်၏ ဖခင်ပင် နလန်ယင်လို လူမျိုး၏ အရှေ့တွင် ဘာမှမဟုတ်သေး ချေ။ ကုန်းဟဲက ဒီလူကို တလေးတစား တရိုတသေ ဆက်ဆံနေရပြီး သူ့ကို ပလစ်မိတာကပင် အံ့သြစရာ မဟုတ်တော့ချေ။

"အခုတော့ ... ငါတို့ကို မင်းရဲ့ စိတ်ဝိညာဉ် အဆောင်ပစ္စည်း ရောင်းဖို့ အကြောင်းကို ပြောလို့ရပြီလား ... "

နလန်ယင်က အထင်တသေး ကြည့်လိုက်သည်။ နလန်မိသားစုက အခြား ကျော်ကြားသော မိသားစုများအရှေ့တွင် ပေါ်လာသည်က ရှားပါးလှသည်။ သို့သော် သူတို့ ကျော်ကြားမှုနှင့် စွမ်းအားကို အနည်းငယ်မျှပင် လျှော့မသွား ချေ။

ဖန့်ချီက အန်းချန်၏ အမူအရာကို ကြည့်လိုက်တော့ ဘာမှမဖြစ်သလို လှ ည့်ကြည့်လိုက်ပြီး သူက မေးလိုက်သည်။

"မင်းရဲ့ သတ္တုအတိုအစတွေကို အဝေးထားလို့ ရမလား ...၊ မင်းက ငါ့ရဲ့ ဖောက်သည်တွေကို ခြောက်လှန့်သလို ဖြစ်နေပြီ ... "

"ဟမ် ... "

နလန်ယင်ကား အေးခဲသွားရ၏။

ထို့နောက် ဖန့်ချီက ဆက်လက်၍ အပြင်းအထန် ပြောလိုက်သည်။

"ဒါမှ မဟုတ်ရင် ငါက မင်းကို ပြဿနာလာရှာသူလို့ သတ်မှတ်ရလိမ့်မယ် ... "

အန်းချန် "... "

အိုးယန်ချန် "... "

ပီချဲ "... "

ဆိုင်အတွင်းရှိ လူတိုင်းကား တုန်လှုပ်သွားသည်။ နောက်ဆုံး ... နလန်ယင်က ရှောင်ယွီလို ဒုတိယ (သို့) တတိယမျိုးဆက်မှ စွမ်းအားကြီးသူ မဟုတ်ချေ။

သူက လွန်ခဲ့သော ရာစုနှစ်များစွာက တည်ထောင်ခြင်းစစ်ပွဲတွင် ကိုယ်တိုင်ပါဝင်ခဲ့သော ဒဏ္ဍာရီဆန်သည့် ပုဂ္ဂိုလ်ဖြစ်ပေသည်။

ဖန့်ချီကတော့ သူ့ကို "ခင်ဗျားရဲ့ သတ္တုအတိုအစတွေကို အငေးထားနိုင်မလား ..."ဟုပင် မေးခွန်းထုတ်ခဲ့သည်။

"သူက ရှုးများနေတာလား ... "

"မင်းရဲ့ ဆိုင်ကို စွမ်းအားကြီး ကျင့်ကြံသူ တစ်ယောက်က ထောက်ပံ့ထားတယ်ဆိုတာ ငါသိပါတယ် ... "

နလန်ယင်က ခေါင်းညိတ်လိုက်သည်။

"လူတိုင်းကို ရှုဖူဝေ့လို အနိုင်တိုက်နိုင်မှာ မဟုတ်ဘူး ... "

"ဒါ့အပြင် ... "

သူက အရိပ်နက် အစောင့်တွေကို ညွှန်ပြကာ ပြောသည်။

"နလန်မိသားစုရဲ့ အရိပ်နက် အစောင့်တွေကို ကျင့်ကြံသူတွေက ဘယ်လိုခေါ်လဲ ဆိုတာ မင်းသိလား ... "

"ကျင့်ကြံသူ သတ်ဖြတ်သူများ ... "

သူ၏ မေးခွန်းကို သူကိုယ်တိုင်အသံတိုးညင်းစွာဖြင့် ပြန်ဖြေလိုက်သည်။

"တစ်ယောက်ယောက်က ပြဿနာ လာရှာနေတာပဲ ... "

ဖန့်ချီက နောက်ပြန်လှည့်ထွက် ပြီးတော့ သူ၏ ထိုင်ခုံကို ဆွဲထုတ်

လိုက်ကာ သူ၏ ကွန်ပျူတာအရှေ့တွင် ထိုင်ဖို့ စီစဉ်လိုက်သည်။

နလန်ယင်က ဖန့်ချီ၏ စကားများနှင့် လှုပ်ရှားမှုများကို ကြည့်ကာ စိတ်ရှုပ်ထွေးသွားသည်။

"ပြဿနာရှာသူ အများအပြားကို ထောက်လှမ်းမိပါသည်။

"လျှပ်စီးဘေးဒုက္ခ စတင်အသက်ဝင်ပါပြီ ... "

ထို့နောက် ... သူတို့က အလွန်ကျယ်လောင်သော မြည်ဟည်းသံကြီး ကြားလိုက်ရသည်။

"ခရက်ရှ် ... "

အဖြူရောင် အလင်းတန်းက ဆိုင်ထဲတွင် ဝင်းလက်သွားသည်။

ထို့နောက် ... လူတိုင်းက အံ့မခန်း တစ်စုံတစ်ရာကို မြင်လိုက်ရသည်။

အရိပ်နက် အစောင့်တွေကား ယိုးဒယား အကတင်မဟုတ် အကမျိုးစုံကို တင်ဆက်သလို ကွေးကောက်ကုန်ကာ အကအဖွဲ့သားများ(ဘရိတ်ဒန့် အဖွဲ့) ဖြစ်သွားကြပေသည်။

နလန်ယင်၏ အမူအရာက အလွန်အံ့ဩဘနန်း ဖြစ်နေတော့သည်။

***